# Laptops as Light as Air



Acer Aspire S3-951

Acer ၊ Asus ၊ Lenovo နဲ့ Toshiba တို့က အရင် Windows laptop တွေထက် ပိုမိုပေါ့ပါး ပါးလွှာပြီး ကိုယ့်ရဲ့ လိုအပ်ချက်တွေကို စိတ်ကျေနပ်မှုရစေမယ့် Ultrabook တွေကို ပေးစွမ်းမယ်လို့ ဆိုထားပါတယ်။ စာရေးသူတို့က ပထမဆုံးရောက်ရှိလာမယ့် Ultrabook တွေကို PCWorld Labs မှာ စမ်းသပ်ခဲ့ကြပါတယ် »

## Apple ရဲ့ အရောင်းသွက် MacBook Air

လက်ရှိ Air တွေက ပထမ version တုန်းကထက် အများကြီး ပိုမိုပေါ့ပါးပါးလွှာလာတဲ့အပြင် နေ့စဉ်အလုပ်အများစုကို ကိုင်တွယ်ဆောင်ရွက်ပေးနိုင်လို့ပါ။ ဒါပေမဲ့ ကိုယ်က Apple laptop တစ်လုံး လိုချင်တာမဟုတ်ဘူးဆိုရင်တော့ နောက်ဆုံး Intel နဲ့ သူ့ရဲ့ partner တွေရဲ့ကျေးဇူးကြောင့် Windows အတွက် အလားတူ Ultrabook လို့ ခေါ်တဲ့ laptop တွေကို ရနိုင်ပါပြီ။

Ultrabook တွေက ပါးလွှာပေါ့ပါးပြီး standard ultraportable တွေထက် ပိုမိုလျင်မြန်ပါတယ်။ အများစုကတော့ လက်မဝက်သာသာလောက်ပဲ အထူရှိကြပါတယ်။ ဈေးနှုန်းတွေကတော့ ဒေါ်လာ ၈၀၀ ကနေ ဒေါ်လာ ၁၅၀၀ ကျော်အထိရှိကြပြီး အဆင့်မြင့်တဲ့ ထုတ်ကုန်တွေ ဖြစ်ကြပါတယ်။ တချို့ Ultrabook တွေက ဈေးပေါတဲ့ပလတ်စတစ်ကိုမသုံးဘဲ အလူမီနီယံတို့၊ မဂ္ဂနီစီယံသတ္တုစပ်တို့လို ပစ္စည်းတွေကို အသုံးပြုထားပါတယ်။ အများစုက solid-state drive တွေကို အသုံးပြုထားကြလို့ ပိုမိုခေတ်မီ၊ လျင်မြန်မှုရှိပါတယ်။ ဒါကြောင့် အဖုံးကိုဖွင့်လိုက်ရင် Ultrabook က hibernate ကနေ စက္ကန့်ပိုင်းအတွင်း အလုပ်လုပ်နိုင်တဲ့အနေအထား ရောက်လာမှာဖြစ်သလို မျက်စိတစ်မှိတ်အတွင်း sleep mode ကနေ နိုးထလာနိုင်မှာပါ။

အမှန်တော့ Ultrabook တွေက ပေးဆပ်လိုက်ရတဲ့အရာတွေလည်း ရှိပါတယ်။ သူတို့မှာ optical drive တွေအတွက် နေရာမရှိတဲ့အတွက် software ခွေတွေ၊ ရုပ်ရှင်ကားတွေကြည့်တဲ့အခါ USB DVD ၊ ဒါမှမဟုတ် bluray drive တွေ လိုအပ်ပါတယ်။ ဘေးဘက်နဲ့ အနောက်ဘက်က ကျဉ်းမြောင်းတဲ့အတွက် port တွေနည်းပါးသွားပြီး Mini HDMI တို့ Mini Display port တို့လိုမျိုး mini connection တွေ ပေါ်မှာ အဓိကအားဖြင့် မှီခိုနေရပါတယ်။ တချို့ Ultrabook တွေမှာ ethernet jack တွေ မပါရှိပါဘူး။ တချို့မှာတော့ Wi-Fi ပါပြီး တချို့ကတော့ မပါသလို USB port တွေလည်း နည်းပါးပါတယ်။ သုံးစွဲသူအများစုအတွက်တော့ ဒီအချက်တွေက ပေးဆပ်ရတာ ထိုက်တန်မှုရှိပါတယ်။ ဒီလို ၃ ပေါင် အလေးချိန်ရှိပြီး လက်မဝက်သာသာအထူရှိတဲ့ laptop အတွက် cable ကြိုး၊ ဒါမှမဟုတ် adapter အသစ်ဝယ်လိုက်ရတာက သိပ်ကိစ္စမရှိလှပါဘူး။



ကဲ ကိုယ်အခုနောက်ထပ်ဝယ်မယ့် laptop က Ultrabook ဖြစ်တော့မှာလား။ စာရေးသူတို့ အခုဖော်ပြပေးမယ့် Ultrabook ၄ မျိုး အကြောင်း သုံးသပ်ချက်ကိုဖတ်ပြီးရင်တော့ ဘယ်တစ်ခုက ကိုယ့်အတွက်သင့်တော်မလဲဆိုတာ ဆုံးဖြတ်နိုင်ပါလိမ့်မယ်။ ကိုယ် အကြိုက်မတွေ့သေးရင်လည်း ကိစ္စမရှိပါဘူး။ ၂၀၁၂ ခုနှစ်ထဲမှာ Ultrabook တွေက ဈေးကွက်ထဲမှာ ပေါပေါများများရှိလာမယ်လို့ ခန့်မှန်းထားလို့ ရွေးချယ်နိုင်စရာများလာသလို ဈေးနှုန်းလည်း ကျဆင်းလာနိုင်ပါတယ်။

## Acer Aspire S3-951

Acer က သူ့ရဲ့ Aspire S3-951 ကို သင့်တင့်မျှတတဲ့ ဈေးနှုန်း ၈၉၉ ဒေါ်လာနဲ့ ရောင်းချပေးပါတယ်။ ကိုယ်က online မှာဆို ဒေါ်လာ ၈၅၀ ထက်တောင် နည်းပါးတဲ့ဈေးနှုန်းနဲ့ ရရှိနိုင်မှာပါ။

Laptop က အသွင်သဏ္ဌာန်ကောင်းမွန်မှုရှိပြီး ပိတ်ထားတဲ့အခါမှာ ကောင်းကောင်းမွန်မွန် ကိုင်တွယ်နိုင်တယ်လို့ ထင်ရပါတယ်။ ပလတ်စတစ်အကာက ပြိုင်ဘက်တချို့မှာရှိတဲ့ သတ္တုစပ်အကာတွေလောက် မာကျောမှုမရှိပါဘူး။ ဒါပေမဲ့ အလုပ်တော့ဖြစ်ပါတယ်။ အထဲမှာတော့ အသံတိတ်ဆိတ်တဲ့ မီးခိုးရောင် keyboard က ကိုယ်ထည်နဲ့ တစ်သားတည်းဖြစ်နေပါတယ်။ Navigation key တွေ (arrows ၊ page up ၊ page down) က မြင်ဖူးခဲ့သမျှ Windows laptop တွေထဲမှာတော့ အသေးဆုံးပါပဲ။ Phone key တွေထက် သိပ်အများကြီးတော့ မကြီးပါဘူး။ ဒါပေမဲ့ အနည်းဆုံးတော့ page up နဲ့ page down key တွေ သီးခြားပါတဲ့အတွက် function key နှိပ်စရာမလိုတော့ပါဘူး။ Key တွေက နှိပ်လိုက်ရင် အနက်ခပ်တိမ်တိမ်ပဲ ရှိပါတယ်။ ဒါပေမဲ့ သိပ်မကြာခင်ပဲ ကျင့်သားရသွားပါတယ်။ ဒီလို key မျိုးတွေအတွက် အထိအတွေ့တုံ့ပြန်မှုကို ကောင်းမွန်အောင် လုပ်ဆောင်ပေးထားတဲ့အတွက် အထိအတွေ့နဲ့ စာရိုက်တဲ့အခါမှာ တိကျမှုက အတော်အသင့်ကောင်းမွန်မှု ရှိပါတယ်။ Touchpad က လက်ဖဝါးနဲ့ထိမိရင် တုံ့ပြန်မှုလုပ်မှာမဟုတ်တဲ့အတွက် cursor ချနေတာတွေလည်း ဖြစ်မှာမဟုတ်ပါဘူး။ Touchpad ရဲ့ အောက်ဘက်ထောင့်တွေမှာရှိတဲ့ right click နဲ့ left click ခလုတ်တွေကို မမြင်ရအောင် လုပ်ဆောင်ပေးထားပါတယ်။ 1.6GHz Core i5-2467M low-voltage CPU မှာ အမြင့်ဆုံး Turbo setting 2.3 GHz ရှိပါတယ်။ Laptop မှာ system memory 4GB ထည့်သွင်းထားပေမယ့် 0.15GB ကို Intel HD 3000 integrated graphic အတွက် အသုံးပြုပါတယ်။ L3 cache 3MB ရှိတဲ့ CPU က ဒီ laptop ကို WorldBench 6 ရမှတ်ကို ၉၇ မှတ်ရရှိစေတာ ဖြစ်ပါလိမ့်မယ်။ Battery သက်တမ်းက ၅ နာရီအောက်ပဲရှိလို့ Ultraportable တစ်လုံးအတွက်တော့ အတော်လေးနည်းတယ်လို့ ဆိုနိုင်ပါတယ်။ In-

### Ultrabook က တခြား Ultraportable တွေနဲ့ ဘယ်လိုခြားနားသလဲ

Intel က Ultrabook ဆိုတဲ့အမည်ကို tradmark လုပ်ထားလို့ ပါးပါးလွှာလွှာ laptop တိုင်းကို Ultrabook လို့ အမည်တပ်ခံမှာမဟုတ်ပါဘူး။ သတ်မှတ်ချက်တွေ ရှိနေပါတယ်။ Intel က Ultrabook လို့ သတ်မှတ်ထားတဲ့အချက် ၅ ချက်ကို အောက်မှာဖော်ပြပေးလိုက်ပါတယ်

| | |
|---|---|
| Quick Startup | : Hibernate ထားရာကနေ keyboard interaction အထိ ၇ စက္ကန့်နဲ့ အောက်ပဲ ကြာရပါမယ်။ Sleep modes ကနေ resume လုပ်တာက အဲဒီထက် ပိုမြန်သင့်ပါတယ်။ |
| Long battery life | : တစ်ခါအားသွင်းထားရင် အနည်းဆုံး ၅ နာရီခံမှာဖြစ်ပြီး တချို့ model တွေက ၈ နာရီအထိ ခံနိုင်ပါတယ်။ |
| Thinness | : 21mm၀.၈၂လက်မ ထက် ပိုမထူရပါဘူး။ ထွက်လာတဲ့ model အများစုက အဲဒီထက်ပိုပါးကြပါတယ်။ |
| Enhanced security | : Laptop ရဲ့ firmware က Intel ရဲ့ Anti-Theft and Identity protection technology ကို support လုပ်နိုင်ရပါမယ်။ |
| Powered by Intel | : Intel CPU တွေကိုပဲ သုံးရပါမယ်။ |





Asus Zenbook UX31E
ဒီက စာရေးသူတို့ စမ်းသပ်ခဲ့တဲ့အထဲမှာ MacBook Air နဲ့ အဆင်တူဆုံးပါပဲ

tegrated graphic ဖြစ်တဲ့အတွက်ကြောင့် S3-951 က game ပိုင်းဆိုင်ရာ လုပ်ဆောင်နိုင်စွမ်း သိပ်မရှိပါဘူး။ ဒါပေမဲ့ resolution နဲ့ detail setting တွေကိုလျှော့ချပြီး တချို့ game တွေကို ဆော့နိုင်မှာပါ။

1366 × 768 pixel screen က တောက်ပပြီး အရောင်အသွေးစုံလှပါတယ်။ ဓာတ်ပုံတွေကိုကြည့်တဲ့အခါလည်း ကောင်းမွန်မှုရှိပါတယ်။ HD video ကို local area network ကနေ stream လုပ်တဲ့အခါ ချောချောမွေ့မွေ့ ရှိပါတယ်။ Netflix HD ကနေ stream လုပ်တဲ့အခါမှာတော့ နည်းနည်းမှုန်ဝါးနေတော့သလိုထင်ရပါတယ်။ Viewing-angle range က အကန့်အသတ်ရှိပါတယ်။ အလယ်တည့်တည့်ကနေ နည်းနည်းလေးရွှေ့လိုက်တဲ့အခါ အရောင်အသွေးတွေ သိသိသာသာ ပြောင်းလဲသွားပါတယ်။

အသံပိုင်းဆိုင်ရာကလည်း နောက်ထပ်အားနည်းချက်ပါပဲ။ ထောက်ပံ့ထားတဲ့ Dolby Home Theater စနစ် ဖွင့်ထားတာတောင်မှ stereo သံက သဲသဲကွဲကွဲမရှိသလို တစ်ဖက်ကနေ တစ်ဖက်ရောက်နေသလို ဖြစ်နေပါတယ်။ Base သံကလည်းမရှိသလို အသံကလည်း တိုးလွန်းတဲ့အတွက် အမြင့်ဆုံးတင်ထားတာသေချာရဲ့လားဆိုတာ ပြန်စစ်ကြည့်ရပါသေးတယ်။

အနောက်ဘက်မှာတော့ USB 2.0 port ၂ ခုနဲ့ HDMI connector တစ်ခု ရှိပါတယ်။ တစ်ခုတည်းသော audio jack က ဘယ်ဘက်မှာရှိပြီး ညာဘက်မှာတော့ SD card slot တစ်ခု ရှိပါတယ်။ USB 3.8 port တွေတော့ မပါရှိပါဘူး။ ဝန်ခံရရင်တော့ ဒီ array က Macbook Air ထက် နည်းနည်းပဲဆိုးတယ်လို့ ဆိုရမှာပါ။ ဒါပေမဲ့ Air မှာက I/0 အနေနဲ့ ရော digital monitor connection အနေနဲ့ပါ အသုံးချနိုင်တဲ့ high-speed Thunderbolt port ပါရှိပါတယ်။ Air မှာလိုပါပဲ S3-951 မှာ ethernet jack မပါရှိပါဘူး။ တစ်ခုတည်းသော connectivity က 802.11n Wi-Fi ပါပဲ။ Air နဲ့ တခြား Ultrabook အများစုနဲ့မတူတာက Acer ရဲ့ Ultrabook မှာ bluetooth မပါတာပဲ ဖြစ်ပါတယ်။

စာရေးသူတို့ စမ်းသပ်ခဲ့တဲ့ Acer S3-951 မှာ 20GB solid state Drive နဲ့ 320GB Hitachi hard drive တစ်လုံး တပ်ဆင်ထားပါတယ်။ SSD ကို hibernation drive အနေနဲ့ အသုံးပြုထားလို့ laptop က hibernate အခြေအနေကနေ လျင်လျင်မြန်မြန် ပြန်လည် restore လုပ်နိုင်စေပါတယ်။ Hibernate လုပ်တာက sleep mode လုပ်တာထက်ပိုပြီး battery သက်တမ်းကြာစေနိုင်သလို cold-booting ထက်လည်း ပိုပြီးလျင်မြန်ပါတယ်။ ဒါပေမဲ့ SSD ကို hibernation data အတွက်ပဲသုံးတာက space 15GB လောက်ကို အလဟသဖြစ်စေသလိုပါပဲ။ ဖြစ်နိုင်ရင်တော့ SSD ကို ကောင်းကောင်းအသုံးခံနိုင်တဲ့ hard-drive cache အနေနဲ့ပဲသုံးတာ ပိုကောင်းပါတယ်။

## Asus Zenbook UX31E

အလူမီနီယံ စုတ်ချက်အစင်းလေးတွေပါတဲ့ Asus ရဲ့ Zenbook UX31E က တခြား Ultrabook တွေထက် ပိုပြီး Macbook Air နဲ့ ပိုတူပါတယ်။ ဒီ ၁,၀၉၉ ဒေါ်လာတန် model မှာ Intel Core i5-2557M CPU ၊ 4G RAM နဲ့ 128GB SSD တို့ တပ်ဆင်ထားပါတယ်။ ပြီးတော့ 0.3 megapixel webcam ၊ microphone ၊ bluetooth 4.0 နဲ့ 802.11 b/g/n Wi-Fi တို့လည်း ပါရှိပါတယ်။

UX31E က အံ့သြစရာကောင်းလောက်အောင် အသုံးချခံနိုင်ပါတယ်။ World Bench 6 မှာ ရမှတ် ၁၂၅ ရထားတာကြောင့် ထိပ်တန်း ပုံမှန် Ultraportable တွေထက် ပိုသာပါတယ်။ ဒါ့ပြင် စာရေးသူတို့ အခုအချိန်ထိ စမ်းသပ်ခဲ့တဲ့ Ultrabook တွေထက် နည်းနည်းပိုမြန်ပါတယ်။ UX31E မှာ သီးခြား graphic card မပါတာကြောင့် Intel ရဲ့ integrated graphic ပေါ်မှာပဲ မှီခိုနေရပါတယ်။ Far Cry2 graphic စမ်းသပ်မှုအရ (low quality setting နဲ့ 800 × 600 pixel resolution မှာ) 31.4 frames per second နှုန်း ရရှိပါတယ်။ ဒါက စာရေးသူတို့ စမ်းသပ်ခဲ့ဖူးတဲ့ Ultraportable တွေရဲ့ ပျမ်းမျှနှုန်းထက် နည်းနည်းနိမ့်နေပါတယ်။

ပါးလွှာတဲ့ကိုယ်ထည်မှာ စက်ဝိုင်းပုံစုတ်ချက် design နဲ့ တိကျတဲ့ထောင့်တွေပါတဲ့ မီးခိုးရင့်ရောင် အလူမီနီယံအကာနဲ့ တန်ဆာဆင်ထားပါတယ်။ အတွင်းဘက်ချိုင့်တွေမှာ စက်ဝိုင်းပုံစံလေးတွေနဲ့ တန်ဆာဆင်ထားသလို screen ပတ်လည်မှာ မီးခိုးရင့်ရောင်စောင်းလေးတွေဖော်ထားပြီး touchpad ကလည်း ငွေရောင်ဖန်သားအုပ်ထားပါတယ်။

နောက်ခံအလင်းမပါသလို အရောင်မှိုင်းမှိုင်းသုံးထားတဲ့အတွက်

Chiclet-style keyboard က သက်သောင့်သက်သာရှိပြီး စာရိုက်ရလွယ်ကူပါတယ်။ Key တွေက လေးထောင့်ကျကျနဲ့ ကြီးကြီးမားမားရှိပါတယ်။ ပြီးတော့ key တွေကြား space ကလည်း ကျယ်ပါတယ်။ အပို button တွေ မပါရှိပေမယ့် function key တွေက အပိုလုပ်ဆောင်ချက်တွေကို လုပ်ဆောင်ပေးနိုင်ပါတယ်။ ဥပမာ– PC ကို sleep mode ဝင်တာ၊ Wi-Fi နဲ့ bluetooth ကို အသုံးပြုတာ၊ အသံချိန်တာနဲ့ အလင်းအမှောင်ညှိတာတွေကို Fn key တွေသုံးပြီး လုပ်ဆောင်နိုင်ပါတယ်။ Power ခလုတ်ကတော့ ပုံမှန် key တစ်ခုလိုပဲဖြစ်ပြီး ညာဘက်အပေါ်ထောင့်မှာ တပ်ဆင်ထားပါတယ်။

ဖန်သားအုပ်ထားတဲ့ touchpad က Apple ရဲ့ trackpad တွေနဲ့ ပိုမိုဆင်တူသလိုလည်း ခံစားရစေပါတယ်။ အောက်ဘက်အလယ်က အနက်ရောင်မျဉ်းတိုလေးက left click နဲ့ right click ကို ခွဲခြားပေးထားပါတယ်။ touchpad က ချောမွေ့ပြီး multitouch gesture တွေကို ထောက်ပံ့ပေးထားတယ်ဆိုပေမယ့် လိုအပ်ချက်တချို့ ရှိနေပါတယ်။ စာရေးသူရဲ့ အစပိုင်းစမ်းသပ်မှုတွေမှာ tap-to-click function မှာ နည်းနည်းနှေးသလို screen ပေါ်က object တွေပေါ်မှာလည်း overshoot ဖြစ်နေပါတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပဲ ဒီ UX31E စတင်ရောင်းတဲ့အချိန်မှာ ထွက်တဲ့ driver update က ဒါတွေကို ဖြေရှင်းပေးနိုင်ပါတယ်။ Mouse ကတော့ အဆင်ပြေပေမယ့် cusor ကို screen မှာရွှေ့ရင် (Mouse setting panel ထဲမှာ ချိန်ထားရင်တောင်မှ) နည်းနည်းနှေးပါတယ်။ tap-to-click မှာက သိသာပြီး အနှောင့်အယှက်ဖြစ်စရာတစ်ခု ရှိနေပါသေးတယ်။ ကိုယ်က ဘယ်ညာ click နေရာတွေကို နှိပ်လိုက်ရင် ချက်ချင်း တုံ့ပြန်မှုမရှိပါဘူး။

Port တွေကတော့ Ultraportable တစ်လုံးအနေနဲ့ ကျေနပ်စရာပါပဲ။ USB port ၂ ခု (တစ်ခုက USB 3.0)၊ mini-VGA port တစ်ခု၊ micro HDMI port တစ်ခုနဲ့ headphone jack တစ်ခုတို့ ပါရှိသလို SD card reader တစ်ခုလည်း ပါရှိပါတယ်။ UX31E က အထူဆုံးနေရာမှာ ၀.၈ လက်မလောက်ပဲရှိပြီး အရှေ့ဘက်မှာ ၀.၁၂လက်မသာသာပဲ ရှိပါတယ်။ အလေးချိန်က ၃.၁ ပေါင်ရှိပြီး power brick ပါရင်တော့ ၃.၈ ပေါင်ရှိပါတယ်။ စမ်းသပ်မှုတွေမှာတော့ battery က ၆.၅ နာရီထိခံတာကြောင့် power brick ကို သယ်သွားဖို့ လိုချင်မှလိုမှာပါ။

Native resolution 1600 × 900 pixel ရှိပြီး တောက်ပ ရွှန်းစတဲ့ ၁၃.၃ လက်မ screen ပါရှိပါတယ်။ ဒါက တခြား Ultrabook တွေထက် resolution နည်းနည်း ပိုမြင့်နေပါတယ်။ ဒါပေမဲ့ အရောင်က သိပ်အကောင်းကြီးတော့ မဟုတ်ပါဘူး။ Screen က အပြာရောင်ဘက် နည်းနည်းသန်းနေပါတယ်။ အထူးသဖြင့် အလင်းတင်ထားတဲ့အခါမှာ အရောင်က လွန်နေသလိုပါပဲ။ စာရေးသူရဲ့ စမ်းသပ်မှုမှာတော့ HD video ကို အထစ်အငေါ့မရှိ stream လုပ်နိုင်ပါတယ်။ ဒါပေမဲ့ full-screen အနေအထားမှာတော့ သဘာဝမကျတာ တချို့နဲ့ အသေးစိတ်မကျမှုတချို့ ရှိပါတယ်။ Keyboard ရဲ့အပေါ်ပတ္တာထဲက speaker တွေက ကျယ်လောင်မှုရှိပြီး အသံပြည့်ဝမှု ရှိပါတယ်။ အသံအမြင့်ဆုံးတင်ထားရင် ညင်သာတဲ့ ပွဲတင်သံကိုလည်း ကြားနိုင်ပါတယ်။



UX31E မှာ bloatware တွေမပါပါဘူး။ ကိုယ်က FaceLogOn software နဲ့ စာမျက်နှာ ၁၀၀ ရှိတဲ့ electronic လက်စွဲစာအုပ်ပါတဲ့ Asus Utility suite ကို ရရှိမှာပါ။

## Lenovo Ideapad U300S

Ultrabook ဆိုတဲ့နာမည်နဲ့ ထိုက်တန်တဲ့ laptop ကို ပြောပါဆိုရင်တော့ Lenovo ideapad U300S ကို ပြောရမှာပါပဲ။ ဒါက အဖုံးပိတ်ထားတဲ့အခါ ပါးလွှာတဲ့ ကော်ဖီစားပွဲစာအုပ်လေးနဲ့တူပါတယ်။ PCWorld Labs က လူတွေကို သူ့ရဲ့ နှစ်လိုဖွယ်ရိုးရှင်းမှုနဲ့ အဆင့်မြင့်တဲ့ပုံစံက ဆွဲဆောင်ထားခဲ့ပါတယ်။ ဒါပေမဲ့ ဈေးနှုန်း ၁,၅၉၅ ဒေါ်လာကြောင့် လက်တွန့်ကုန်ပါတယ်။ ဒါက ဝင်ဆံ့မှုများပြားတဲ့ 256GB solid-state drive ကြောင့်ပါပဲ။

Intel Core i7-2677M CPU ၊ DDR 3 4GB နဲ့ 256GB SSD တို့ တပ်ဆင်ထားပေမယ့် U300S က စာရေးသူရဲ့ စမ်းသပ်မှုတွေမှာ Asus Zenbook UX31E ထက် နောက်ကျကျန်နေခဲ့ပါတယ်။ ဒါပေမဲ့ World Bench 6 ရမှတ် ၁၁၄ ဆိုတာက နေ့စဉ်လုပ်ငန်းဆောင်တာတွေကို လုပ်ဆောင်ဖို့ လုံလောက်ပါတယ်။ Gaming အနေနဲ့တော့ Intel HD grapic 3000 ကနေ 800 × 600 resolution မှာ အမြင့်ဆုံးအနေနဲ့ 31 frames per

## Slim Ultrabooks Offer Decent Performance

| MODEL | Rating | Performance | Features and specifications | Bottom line |
|---|---|---|---|---|
|  Acer Aspire S3-951 $899 find.pcworld.com/72444 | ★★★☆☆ GOOD | • WorldBench 6 score: 97<br>• WorldBench 6 rating: Good<br>• Overall design: Very Good<br>• Tested battery life: 4:55 | • 1.6GHz Core i5-2467M<br>• 13.3-inch widescreen<br>• 3.0 pounds<br>• 340GB hard drive | Acer's attempt at a cost-effective, reasonably priced Ultrabook model ultimately cuts too many corners. |
|  Asus Zenbook UX31E $1099 find.pcworld.com/72442 | ★★★★☆ VERY GOOD | • WorldBench 6 score: 125<br>• WorldBench 6 rating: Superior<br>• Overall design: Very Good<br>• Tested battery life: 6:34 | • 1.7GHz Core i5-2557M<br>• 13.3-inch widescreen<br>• 3.1 pounds<br>• 128GB solid-state drive | The attractive, impressively speedy Zenbook UX31E is almost perfect, except for its mediocre touchpad. |
|  Lenovo IdeaPad U300s $1595 find.pcworld.com/72441 | ★★★★☆ VERY GOOD | • WorldBench 6 score: 114<br>• WorldBench 6 rating: Very Good<br>• Overall design: Superior<br>• Tested battery life: 6:34 | • 2.67GHz Core i7-2677M<br>• 13.3-inch widescreen<br>• 2.9 pounds<br>• 256GB solid-state drive | The U300s compensates for its high price and slightly slow performance with a classy and easily usable design. |
|  Toshiba Portege Z835 $799 find.pcworld.com/72443 | ★★★☆☆ GOOD | • WorldBench 6 score: 79<br>• WorldBench 6 rating: Fair<br>• Overall design: Very Good<br>• Tested battery life: 6:53 | • 1.4GHz Core i3-2367M<br>• 13.3-inch widescreen<br>• 2.4 pounds<br>• 128GB solid-state drive | The Z835 may be the best Ultrabook you can buy for under $1000 right now, but it clearly makes some concessions. |

CHART NOTES: Ratings are as of 12/1/11. Tested battery life is expressed in hours:minutes. Listed weights do not include the power adapter.



Lenovo IdeaPad U300S
ဈေးမြင့်ပြီး အဆင့်မြင့်တဲ့ ဒီ system မှာ 256GB SSD ထည့်သွင်းပေးထားပါတယ်

second ရခဲ့ပါတယ်။ Battery သက်တမ်းက ၆ နာရီ ၃၄ မိနစ်ရှိခဲ့တာကြောင့် ကျန်တဲ့ Ultrabook တွေကို ကောင်းကောင်းယှဉ်ပြိုင်နိုင်ပါတယ်။ အလေးချိန်ကလည်း ၂.၉ ပေါင်ပဲရှိလို့ ပေါ့ပါးတဲ့ Ultrabook တစ်လုံးလို့ ဆိုနိုင်ပါတယ်။ ဒါပေမဲ့ ကိုယ်က U300S နဲ့ UX31E ၊ ဒါမှမဟုတ် Acer Aspire S3-951 တို့ကြား အလေးချိန်ခြားနားမှုကို သတိပြုမိချင်မှပြုမိမှာပါ။

Video playback ကတော့ကောင်းပေမယ့် 1366 × 768 resolution ရှိတဲ့ ၁၃.၃ လက်မ display ပေါ်မှာ 1080P ကိုကြည့်ရင် တွေ့နေကျ downconverting ကိစ္စတွေကို တွေ့ရမှာပါ။ အရောင်တွေက စုံလင်သလို မျက်နှာပြင်ကလည်း အရောင်ပြန်လွယ်ပါတယ်။ အသံကတော့ head-phone မှာဆိုရင် အဆင်ပြေပေမယ့် speaker တွေမှာတော့ နည်းနည်း ဝေဝါးနေသလိုပါပဲ။ ပါဝင်တဲ့ SRS sound enchancement software နဲ့ ချိန်ညှိရင် အတော်လေး အဆင်ပြေပါတယ်။

Lenovo က keyboard ကို လေဝင်လေထွက်ကောင်းအောင်လုပ်ထားတယ်လို့ဆိုပါတယ်။ ဒီနည်းကို အခု (Apple အပါအဝင်) laptop အတော်များများမှာ အသုံးပြုကြပါတယ်။ ဆိုလိုတာကအောက်ဘက်မှာ လေဝင်လေထွက်ပေါက်မထားတော့ပဲ ဘေးဘက်မှာထားလို့ ပေါင်ပေါ်တင်ထားတဲ့အခါမှာ လေပေါက်ပိတ်ပြီး အပူမတက်စေတော့ပါဘူး။

Keyboard ရဲ့အနက်က တိမ်တဲ့ပြဿနာကို တုံ့ပြန်မှုကောင်းမွန်အောင် လုပ်ဆောင်ပေးထားပါတယ်။ အလူမီနီယံ case ရဲ့ ဆေးသားပေါ်မှာ အစက်လေးတွေဖော်ထားလို့ laptop တစ်ခုလုံးက မိမ်ခံပစ္စည်းတစ်ခုလို ခံစားရစေပါတယ်။ (လိမ္မော်နဲ့ မီးခိုးရောင်လည်း ရနိုင်ပါတယ်) ခလုတ်မပါတဲ့ ဖန်သား touchpad ကလည်းကိုယ့်ကို ကျေနပ်မှုပေးစွမ်းနိုင်မှာပါ။ Scroll area အစား two-finger swiping ကို လက်ခံပေးထားပါတယ်။ ဒါကြောင့် ကိုယ်က မတော်တဆ scoll area ထဲ ချော်သွားမှာ မဟုတ်ပါဘူး။

ကိုယ် သုံးမယ့်အပေါ်မူတည်လို့ U300S မှာ port တွေ လိုအပ်မယ်၊ မလိုအပ်ဘူးဆိုတာ ပြောရမှာပါ။ USB 3.0 တစ်ခု HDMI port တစ်ခုနဲ့ USB 2.0 အပို ၁ခု ပါရှိပါတယ်။ VGA port တို့ SD/MMC card slot တို့ eSATA port တို့ ethernet jack တို့ မပါရှိပါဘူး။ eSATA မရှိပေမယ့် USB 3.0 ရှိလို့ အဆင်ပြေပါတယ်။ VGA ၊ SD နဲ့ ethernet အတွက်တော့ USB adapter တွေသုံးဖို့ လိုမှာပါ။ 802.11 b/g/n နဲ့ bluetooth 3.0 အပြင် wireless display အတွက် Wi-Fi တို့ ပါရှိပါတယ်။

U300S က trial edition လုံခြုံရေး software တွေအစား Microsoft ရဲ့ အခမဲ့ security Essentials ကို ထည့်သွင်းပေးထားတဲ့ စာရေးသူ ပထမဆုံးကိုင်တွယ်ဖူးတဲ့ laptop ပါပဲ။ MSE က အသုံးပြုသူတွေအတွက် အစွမ်းထက်တဲ့ software ပါပဲ။ PC မှာ ပါနေကျ မလိုချင်တဲ့ software တွေလည်း ပါဝင်ပါတယ်။ 1280 × 720 poxel webcam အတွက် cyberlink ရဲ့ YouCam utility ၊ Absolute data protect အတွက် အခမဲ့ subscrip-tion နဲ့ Google chrome နဲ့ cyber link ရဲ့ OneKey recovery တို့ ပါရှိပါတယ်။ ဒီ OneKey recovery program က ထည့်သွင်းပေးထားတဲ့ Windos 7 professional OS က boot မလုပ်နိုင်ရင် U300s ရဲ့ ဘယ်ဘက်အနောက်က ခလုတ်လေးနဲ့ တွဲဖက်လုပ်ကိုင်ပေးနိုင်ပါတယ်။

ဘာပဲပြောပြော U300S က အလားတူပြိုင်ဘက်တွေနဲ့ ယှဉ်ပြိုင်ရင် ဈေးကြီးတဲ့ laptop ပါပဲ။ ဒါကို ပိုနှေးတဲ့ Core i5 -2457M CPU နဲ့ 128GB SSD တပ်ဆင်ထားတဲ့ (၁,၁၉၅ ဒေါ်လာတန်) U260 နဲ့ U400 ဆိုပြီး နည်းနည်းပိုထူပြီး ဈေးသက်သာတဲ့ model တွေအနေနဲ့ ရနိုင်ပါတယ်။

## Toshiba Portege Z835

၂.၄ ပေါင်ရှိတဲ့ Toshiba Portege Z835 က Ultrabook တွေရဲ့ ပထမ အသုတ်ထဲမှာ အပေါ့ပါးဆုံးပါပဲ။ ကိုယ်က ဒီပေါ့ပါးမှုကို ပြိုင်ဘက် Asus Zenbook UX31E နဲ့ Lenovo IdeaPad U300S တို့နဲ့ ယှဉ်ကြည့်ရင် ချက်ချင်းသိမှာပါ။ ဒီ portege Z835 ကို ၇၉၉ ဒေါ်လာဆိုတဲ့ ဈေးနှုန်းနဲ့ ရောင်းချဖို့ စွန့်လွှတ်ထားရတာတွေ ရှိနေပါတယ်။

စပြောရရင်တော့ အားနည်းတဲ့ Core i3-2367M က 1.4GHz နဲ့ run နေပြီး Turbo Mode လည်း မပါရှိပါဘူး။ ဒီစက်မှာ RAM 4GB နဲ့ 128GB solid-stage drive ပါရှိပေမယ့် သိပ်မမြန်ပါဘူး။ World Bench 6 ရမှတ် ၇၉ ပဲရတာကြောင့် တခြား Ultrabook တွေထက် လျော့နည်းလှပါတယ်။

## Toshiba Portege Z835

**ဈေးနှုန်းသင့်တင့်တဲ့ ဒီ PC မှာ port တွေ ကောင်းကောင်းပါရှိပါတယ်**



ဒီ laptop က အနိမ့်ဆုံး resolution နဲ့ setting တွေမှာတောင်မှ 30fps မရနိုင်လို့ game ဆော့ဖို့တော့ မစဉ်းစားပါနဲ့။ Toshiba က တခြား ရွေးချယ်စရာအနေနဲ့ Core i7-2677M ၊ RAM 6GB ကို ပေးထားပေမယ့် ဈေးနှုန်းက ဒေါ်လာ ၁၅၀၀ နီးပါး တက်သွားသလို 128GB SSD ကလည်း ပမာဏ မတိုးမြှင့်ထားပါဘူး။

ဒါပေမဲ့ ဒီလိုသာမန် SSD ကတောင်မှ ပုံမှန် hard drive နဲ့ယှဉ်ရင် လျင်မြန်တာကြောင့် boot-up time sleep mode ကနေ resume လုပ်ချိန်၊ ဒါမှမဟုတ် hibernate ကနေ resume လုပ်ချိန်တွေ မြန်သလို program တွေကလည်း လျင်လျင်မြန်မြန်ပဲ ပွင့်ပါတယ်။ ကိုယ်က ပုံမှန် Web browsing နဲ့ document editing တွေလောက်ပဲ လုပ်မယ်ဆိုရင်တော့ Z835 က လုံလောက်မှုရှိပါတယ်။

CPU က HD video အမျိုးအစားတွေကို အကောင်းဆုံးမဟုတ်ပေမယ့် ပြသပေးနိုင်ပါတယ်။ ပြသနှာတစ်ခုက 1366 × 768 pixel display က တောက်ပမှုမရှိသလို contrast ကလည်း ညံ့ဖျင်းပါတယ်။ Black level တွေက အကောင်းဆုံးအနေအထားမှာတောင် မီးခိုးရင့်ရောင်အဆင့်ပဲ ရှိပါတယ်။ ဘေးဘက်တွေကကြည့်တဲ့ viewing angle က အဆင်ပြေပေမယ့် ဒေါင်လိုက်အတွက်တော့ သိပ်အဆင်မပြေပါဘူး။ Typing နဲ့ pointing ကတော့ အသင့်အတင့်ပါပဲ။ Key အနက်တိမ်ပြီး key တွေက နည်းနည်း ပျော့ပျော့ပျော့နိုင်ပါတယ်။ ဒါက typing speed နဲ့ accuracy ကို ထိခိုက်နိုင်တယ်လို့ ကိုယ်ကထင်ပါလိမ့်မယ်။ Z835 က keyboard black light ကို ပေးထားပါတယ်။ Physical button တွေကို အောက်ခြေမှာ ထည့်သွင်းပေးထားလို့ touchpad က တခြား ပြိုင်ဘက်တွေနဲ့ယှဉ်ရင် သေးနေပါတယ်။ Lenovo နဲ့ Asus တို့ရဲ့ ဖန်သားအုပ် touchpad လောက် ချောမွေ့မှုမရှိပေမယ့် ကောင်းမွန်တဲ့ခံစားမှုကို ပေးစွမ်းနိုင်ပါတယ်။ Z835 က pinch-to-zoom နဲ့ two-finger scrolling တို့လို multi touch gesture တွေကို ထောက်ပံ့ပေးထားပါတယ်။

Z835 က တကယ်ကို လှပရှင်းသန့်တဲ့ပုံသဏ္ဍာန်ရှိပါတယ်။ မီးခိုးရောင်ရှိတဲ့ မဂ္ဂနီစီယံသတ္တုစပ်ကိုယ်ထည်ရှိပြီး ဒါပေမဲ့ ကိုယ်ထင်သလောက် ကြံ့ခိုင်မှုမရှိပါဘူး။ အောက်ဘက်ပိုင်း ကြံ့ခိုင်မှုရှိပြီး ပိတ်ထားတဲ့အခါမှာ အဆင်ပြေပေမယ့် အဖုံးနဲ့ screen က သာမန်ဖိအားမှာတောင် နည်းနည်း ကွေးချင်ပါတယ်။

ပါလာတဲ့ port တွေနဲ့ connector တွေက အထင်ကြီးစရာပါပဲ။ Ultrabook model တွေမှာ နေရာအကန့်အသတ်ရှိပေမယ့် Toshiba က headphone နဲ့ microphone jack တွေကို ဘယ်ဘက်မှာ SDHC card slot နဲ့အတူ တပ်ဆင်ပေးထားပါတယ်။ အနောက်ဘက်မှာတော့ power plug ၊ VGA ၊ HDMI ၊ USB 2.0 ၂ ခုနဲ့ gigabit ethernet တို့ ရှိနေပါတယ်။ ညာဘက်မှာတော့ USB 3.0 port နဲ့ kensington lock တစ်ခုစီပါ ရှိပါတယ်။ ဒါက စာရေးသူတို့မြင်ဖူးသမျှထဲမှာ အကောင်းဆုံး Ultrabook တစ်လုံးပေါ်က full-size port array ပါပဲ။ နောက်ထပ် feature ၂ ခုကလည်း ကောင်းမွန်လှပါတယ်။ Eco mode button က display ကိုမှိန်၊ keyboard backlight ကိုပိတ်ပြီး power သက်သာတဲ့ mode ထဲကို ဝင်ရောက်တာပါပဲ။ အဲဒီဘေးမှာတော့ built-in ပါတဲ့ Intel ရဲ့ WiDi ကနေ remote screen projection ကို လုပ်ဆောင်နိုင်တဲ့ခလုတ်တစ်ခု ရှိပါတယ်။ ဆိုးတာက ဒီ PC က Best Buy exclusive ဖြစ်တာကြောင့် စိတ်ရှုပ်စရာ Best Buy PC App တစ်ခုကို တွေ့ရမှာပါ။ Norton Internet Security trial သတိပေးချက်ကလည်း ထပ်ခါထပ်ခါ အနှောင့်အယှက်ပေးနေမှာပါ။ Google chrome ၊ Toshiba Book place app နဲ့ Blio e-reader with Toshiba skin တို့ကိုလည်း ထည့်သွင်းပေးထားမှာပါ။ Browser ကို လက်ခံလို့ရပေမယ့် Google နဲ့ Norton toolbar တွေကိုတော့ မကြိုက်ပါဘူး။ ဒါပေမဲ့ app တွေက အနှောင့်အယှက်သိပ်မပေးပါဘူး။ Portege Z835 ရဲ့ ၇၉၉ ဒေါ်လာတန် Best Buy version က စိတ်ဝင်စားစရာပါပဲ။ ဒါကို Acer ထက် ပိုညွှန်းချင်ပေမယ့် Asus ၊ ဒါမှမဟုတ် Lenovo တို့လောက် သိပ်မနှစ်သက်မိပါဘူး။

**West Hero**

### တခြား Ultrabook တွေ ရှိနိုင်သေးလား



၂၀၁၂ မှာ major laptop vender တွေဆီက နေပြီး Ultrabook model အများအပြား ထွက်ပေါ်လာမယ်လို့ မျှော်လင့်ထားပါတယ်။ ဥပမာ – Dell ၊ HP ၊ Sony နဲ့ Samsung တို့က ထုတ်လုပ်မှာ သေချာသလောက်ပါပဲ။ တကယ်တော့ HP ရဲ့ Folio 13 ကိုယ်ဒါကိုဖတ်ပြီး အခုစမ်းသပ် model တွေထက် နည်းနည်းပိုထူပိုလေးပါတယ်။